# စွန်လည်(သ)ကျေးရွာ

# တမူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# (၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စွန်လည်(သ)ကျေးရွာ၊ တမူးမြို့နယ်

(တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မှ ကူညီရေးဆွဲသည်)

Asiyin( PC)

# မာတိကာ


မာတိကာ

စကားချီး

သံယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၂။ သဘာဝအရင်းအမြစ်များ

၃။ လူဦးရေဆိုင်ရာအချက်အလက်များ

၄။ စီးပွားရေးအခြေအနေ

၅။ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၆။ ကျန်းမာရေးနှင့် အာဟာရ

၇။ ပညာရေးနှင့် ကျွမ်းကျင်မှုများ

၈။ ကျား-မရေးရာ

၉။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၁၀။ သီးနှံ၊သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

၁၁။ ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

၁၂။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၁၃။ အခြေခံအဆောက်အဦ- လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမီမှု

၁၄။ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၁၅။ ဆောင်ရွက်မည့် နည်းဗျူဟာ

၁၆။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

# စွန်လည်(သ)ကျေးရွာ သယံဇာတပြ မြေပုံ



# စွန်လည်(သ)ကျေးရွာ ရာသီခွင်ပြ ပြကွဒိန်



# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမချက်သည် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှ (၂၀၂၁-၂၀၂၅) ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦး ဆုံးသော ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်ရေးဆွဲထား သည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း ဆောင်ရွက်နိုင် ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော မြို့နယ် စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့် သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့်နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်း များကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေ ရှာကြသည့် နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်း ပို့ချဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အကူအညီ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိက ဖော်ပြ ထားပြီး အပိုင်း(၂) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်း များ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တမူးမြို့နယ်

**အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်**
**ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**(က)နိဒါန်း**

၁။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီ အစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

၂။ ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များ နှင့် အဟန့်အတားဖြစ်စေသောအချက်များအပေါ် အခြေခံ၍ (၅)နှစ်တာကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက် မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

**(ခ) ရည်ရွယ်ချက်**

၃။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါ သည်။

**(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

၄။ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်

မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား**

ကျွန်ုပ်တို့ကျေးရွာသည် တမူး-ကလေးအာရှလမ်းနှင့်၂မိုင်ခန့်ဝေးသော နေရာတွင်တည်ရှိ ပါသည်။ ကျေးရွာသည်မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကြောင်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးများ ဖြစ်ကြသည်။ ကျေးရွာအနီးတွင် သစ်တောနှင့် ချောင်းငယ်တစ်ခုရှိသည်။

**သဘာဝအရင်းအမြစ်များ**

ကျေးရွာ၏ သဘာဝ အရင်းအမြစ်များမှာ လယ်၊ ယာ၊ ဥယျာဉ်ခြံ၊ ရေနှင့် သဲကျောက် များဖြစ်ပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူများသည် ဆည်ရေတို့ဖြင့် မြေ ၎က (၈၉၁)ခန့်ကို ရေသွင်း စိုက်ပျိုးနိုင်ကြသည်။ ရေကြီးမှုများကြောင့် ရေသွင်းရန် မလွယ်ကူသော လယ်ယာမြေများလည်းရှိသည်။ မုံညှင်း၊ နှမ်းကြီး၊ ပန်းနှမ်း၊ ပြောင်းဖူး၊ စိုက်ပျိုးသူများလည်းရှိသည်။

**လူဦးရေဆိုင်ရာအချက်လက်များ**

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၅၂) အိမ်ရှိပြီးကျား (၆၅၇) နှင့် မ(၆၃၆) ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ လူဦးရေမှာ (၅) ဦး နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျှမ်းမျှ နှုန်းထက် ပိုများသည်။ ကျေးရွာတွင် ချင်းလူမျိုးများ နေထိုင် ကြပြီး လူဦးရေပေါင်း၏ (၇၀٪)မှာ အလုပ်လုပ်နိုင်သူဖြစ်ပါသည်။

**စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ ကျေးရွာတွင် ဆန်စက်၊ ဆီစက်၊ သစ်ခွဲစက်၊ ထွန်စက်၊ လက်တွန်းထွန်စက်၊ ကား၊ ထော်လာကျီ၊ ဈေးဆိုင် တို့လည်းရှိပါသည်။ သို့သော တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ လျော့နည်း ပါသည်။ အကြောင်းမှာ အိမ်ထောင်စုအဆင့် ဓနသတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး သည် ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲ၊ အလွန်ဆင်းရဲ ဟူ၍ ခွဲခြားပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲတို့သည် များစွာ ရှိပြီး ၎င်းတို့မှာ လက်သမား၊ ပန်းရံတို့နှင့် ကျဘမ်းလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း အတွက် လုပ်ကိုင်ရှာဖွေကြပါသည်။ ၎င်းတို့သည် မြေယာမဲ့နှင့် အိမ်ယာမဲ့ အိမ်ထောင်စုများ

ဖြစ်ကြပါသည်။ အရင်းအနှီးတတ်နိုင်သော တောင်သူကြီးများနှင့် စျေးဆိုင်ကြီးတို့မှာ ပုံမှန် အားဖြင့် စီးပွားရေးအခြေအနေကောင်းသည်ဟု ဆိုနိုင်ပါသည်။

**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ကျေးရွာတွင်မြေယာမဲ့နှင့် အိမ်ယာမဲ့ မိသားစု များသည် ရာသီအလိုက်လုပ်ငန်း များတွင် လုပ်ကိုင်ရှာဖွေနိုင်ကြပြီး ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိပါသဖြင့် မိသားစု စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကျောင်းစရိတ်တို့အတွက် လုံလောက်မှုမရှိဘဲ သူတစ်ပါး ထံတွင် ချေးငှားနေကြပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀٪) ဖြစ်ပြီး အိမ်ထောင်စုကို လေ့လာဆန်းစစ်ရာတွင် ချေးငှားခြင်းမရှိဘဲ နပ်မှန် စားသုံးနိုင်သူမရှိဘဲ သူတစ်ပါးထံတွင် ချေးငှားသောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အကြွေးတင်ရှိမှုမှာ တစ်သိန်းမှ ဆယ်သိန်းအထိ အကြွေးတင်ရှိနေကြပါသည်။

**ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။သွေးလွန်တုပ်ကွေး ရောဂါမှာ ယခုနှစ်ပိုင်းအတွင်းဖြစ်များသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည် ကျန်းမာရေးဆိုင်ရာအသိအမြင်ရှိကြသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှု အသင့်အတင့်ရှိပြီး ကျေးရွာနှင့် ၃မိုင်ကွာဝေးပြီး ကားဆိုင်ကယ်ဖြင့် အလွယ်တကူသွားလာနိုင်သော ဘုတ်ကန်တိုက် နယ်ဆေးရုံ၊ဆေးဆိုင်များနှင့် လက်လှမ်းမှီသည်။

**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းမှာ အတော်အသင့်ရှိကြောင်း တွေ့ရှိရသည်။ ရွာသား အများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အသင့် အတင့်များပြားသည်။ကျေးရွာတွင်အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းနှင့် အလယ်တန်း ကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော် အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးဆဲဖြစ်သည်။

**ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာမှာ လွတ်လပ်မှုရှိပြီး အဖွဲ့အစည်း တွင်လည်း အမျိုးသမီးများ ပါဝင်ကြပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အကြမ်းဖက်မှုများ၊ ခွဲခြားဆက်ဆံ မှုကိစ္စများ မတွေ့ရပါ။ သို့သော် အုပ်ချုပ်ရေးအဖွဲ့အစည်းတွင်မူ

အမျိုးသမီးများ ပါဝင်မှုမရှိပါ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်အားခတို့မှာ သာမန်အားဖြင့် ခွဲခြားမှုမရှိဘဲ တူညီစွာ ခံစားဆောင်ရွက်နိုင်ကြပါသည်။

**ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နာရေးကူညီမှုအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် မြစိမ်းရောင်စသော အဖွဲ့အစည်းများရှိကြပါသည်။ အဖွဲ့အစည်းတိုင်းတွင် လူပ်ရှားဆောင်ရွက်မှု အားကောင်းကြသော်လည်း အမျိုးသမီး အဖွဲ့သည် ပို၍လူပ်ရှားဆောင်ရွက်မှု အားကောင်းနေသည်ကို တွေ့ရပါသည်။ သို့သော် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှု အားနည်းနေသည်ကို တွေ့ရပါသည်။

**သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်းသူများ ဖြစ်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် စပါး၊ မြေတောက်ပဲနှင့် မုံညင်း တို့ကို စိုက်ပျိုးကြပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တိုးချဲ့ရန် မြေလွတ်၊မြေရိုင်း များမရှိပါသဖြင့် တောင်သူများအတွက် လက်ရှိလုပ်ကိုင်နေရသော လယ်မြေများအား အထွက်တိုးစေရန် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာဝန်ဆောင်မှု လိုအပ်ပါသည်။ သားငါးထုတ်လုပ်ရေးကဏ္ဍတွင် များသောအားဖြင့် ကြက်၊ဝက်တို့ကို မွေးမြူကြပါသည်။ ကြက်၊ဝက်မွေးမြူရာတွင် သွင်းအားစုနှင့် ဈေးကွက်အခြေအနေကောင်းသော်လည်း ငွေကြေးအရင်းအနှီးမတတ်နိုင်သောကြောင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းများအဖြစ် မွေးမြူ သူမှာ နည်းပါးလှပါသည်။

**စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများတွင် ဈေးဆိုင်များနှင့် စက်ကိရိယာပြင်ဆိုင်တို့သည် ဝင်ငွေအခြေအနေ ကောင်းကြပါသည်။ လက်သမားနှင့် ပန်းရံလုပ်ငန်း ကျွမ်းကျင်လုပ်ကိုင်သူများတွင်လည်း အသင့်အတင့် ဝင်ငွေကောင်းနေသည်ကို တွေ့ရပါသည်။ အခြားလုပ်ငန်းအများစုနှင့် လက်လုပ်လက်စား လုပ်ငန်းများမှာ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တို့တွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နည်းခြင်းကြောင့် ဝင်ငွေမမှန်ဘဲ နည်းပါးနေသည်ကို တွေ့ရပါသည်။ ငွေကြေးတတ်နိုင်ပြီး ကျွမ်းကျင်သူများသည် အပ်ချုပ်ဆိုင်၊ ဆံပင်အလှ ပြင်ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင် စသည့် လုပ်ငန်းများ လုပ်ကိုင်ကြရာ ဝင်ငွေအသင့်အတင့် ကောင်းမွန်ကြပါသည်။

**ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် ဆန်၊စပါးနှင့် ကောက်ပဲသီးနှံများ စိုက်ပျိုးရာတွင် ဓာတုပိုးသတ် ဆေးနှင့် ဓါတ်မြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်သွေး ကျဆင်းလာနိုင် သည်။ စွန့်ပစ် ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း အမှိုက်ပစ်ရန် နေရာသတ်မှတ်ထားခြင်း မရှိပါသဖြင့် ပလပ် စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံတို့ကို စနစ်တကျစွန့်ပစ်ခြင်း မရှိပါသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်သည်ကို တွေ့ရပါသည်။ ကျေးရွာတွင် မုန်တိုင်းဘေးအန္တရာယ်နည်းပါးပြီး အားပျော့သော မုန်တိုင်း ဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။

**ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ်အ တိုးနှုန်း ကျပ်တိုးတစ်ဧက(၁)သိန်းကျော်နှုန်းဖြင့် အများဆုံး(၁၀)ဧက အတွင်း ချေးယူနိုင်ကြသည်။ ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း မြန်မာ့ငွေရေးကြေးရေးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီမှလာ ရောက်ဖွဲ့စည်းပေးထားသော အဖွဲ့အစည်း လုံးဝမရှိသေးပါ။ တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်လအတိုးနှုန်း(၈)ကျပ်နှုန်းဖြင့် လည်းကောင်းချေးယူကြသည်။ ရွာ တွင်သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိသေးပါ။ ကျေးရွာသားအများစုသည် ချေးငွေအ ကြောင်းရင်းမျိုးစုံ အထူးသဖြင့် စားနပ်ရိက္ခာအနတွက် အဓိကချေးယူကြရသည်။ ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးတင်ရှိနေကြသည်။ ကျေးရွာ၏ ၇၀%သည် အကြွေးတင်ရှိနေသူများဖြစ်ကြသည်။

**ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် KGတန်းကို ၆၀ပေ၊၃၀ပေ၊၁၂ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေ ခင်းကျောင်းဆောင်၊ မူလတန်းတွင်၁၂၀ပေ၊ ၃၀ပေ၊၁၂ပေသွပ်မိုးပျဉ်ကာနှင့် အလယ်တန်းကို ၆၀ပေ၊ ၃၀ပေ၊ ၁၂ပေ သွပ်မိုးပျဉ်ကာကျောင်းဆောင်များတွင် သင်ကြားပေးသည်။ ရွာသားအားလုံး မှာ ရေးတတ်၊ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏၁%မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိကြ သည်။ကျောင်းတွင်ပရိဘောဂများ အနည်းငယ်လိုအပ်ပြီး ဆရာ၊ဆရာမလိုအပ်မှုများလည်း ရှိသည် ရွာတွင်ကျေးလက်ဆေးပေးခန်းရှိပါသည်။ ကျန်းမာရေးဝန်ထမ်းဆရာမလည်း ရှိသည်။ နွေရာသီ တွင်ရေရှားပါးမှုများလည်းရှိပါသည်။ အိမ်တိုင်းယင်လုံအိမ်သာ အသုံးပြုကြသည်။

**အခြေခံအဆောက်အဦ – လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမှီမှု၊**

ကျေးရွာတွင် ဆိုလာမီးကို၉၅%လောက်ထိ အသုံးပြုသူများပြားလာသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်ပါသည်။ တစ်ရွာလုံးနီးပါး မိုဘိုင်းဖုန်းများ အသုံးပြုကြပြီး ဆက်သွယ်ရေး လက်လှမ်း မှီမှုအတွက် အထောက်အပံ့ဖြစ်စေသည်။

**ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး**

ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု နည်းပါးခြင်းကြောင့် ရွာသားများသည် လွပ်လပ်စွာ ကူးသန်းရောင်းဝယ်ပြီး သွားလာလှုပ်ရှားနေကြပါသည်။ ကျေးရွာသည် ခမ်းပါတ်ရဲစခန်း နှင့် နီးကပ်နေပါသဖြင့် ရဲစခန်းတွင် လူကိုယ်တိုင်သော်လည်းကောင်း ဖုန်းဖြင့်သော်ငင်း အလွယ်တကူ ချိတ်ဆက်နိုင်ပါသည်။

**ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

ကျေးရွာတွင် ပုဂ္ဂလိကအသေးစား ရေအားလျှပ်စစ်(၂)ခု ရှိပါသဖြင့် ကျောင်းသူ ကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်စေပြီး ကာလမ်းဘေးနှင့် အချို့ လမ်းဘေးတို့တွင် မီးလင်းထားပါသဖြင့် ကျေးရွာကိုသာယာစေပြီး လူနေမှုအဆင့်အတန်း မြင့်မားရေးအား အထောက်အကူပြုပါသည်။

လူဦးရေအားလုံး၏ (၆၃)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြပါသည်။ လူငယ် ပညာတတ်များရှိလာပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပါသည်။ လက်မှုပညာ ကျွမ်းကျင် သူများလည်းရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုကြပါသည်။

ကျေးရွာ၏လယ်မြေများသည် မြေဆီဩဇာ အသင့်တင့်ကောင်းမွန်ပြီး ယောက်ပီး ဆည်နှင့် ရွှေလီဆည်တို့မှ စပါးဧက (၃၀၀၀)ကျော် ရေသွင်းစိုက်ပျိုးနိုင်ပြီး သီးထပ်သီးနှံ အဖြစ် မုံညှင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကိုလည်း စိုက်ပျိုးကြပါသဖြင့် တောင်သူ များအတွက် ဝင်ငွေအခွင့် အလမ်းတိုးတက်စေပါသည်။

ကျေးရွာသည် လူဦးရေများပြီး မွေးမြူရေးထုတ်ကုန်များ ရောင်းချရန်စျေးကွက် လက်လှမ်းမှီမှုကောင်းပါသဖြင့် အထူးသဖြင့် ကြက်နှင့်ဝက်တို့ကို မွေးမြူရန်အခွင့်အလမ်း သာပါသည်။ သို့ဖြစ်၍ မွေးမြူရေးဦးစီးဌာနမှ ငွေကြေးအရင်းအနှီးနှင့် နည်းပညာ ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာတွင် လယ်ယာမြေများ ထပ်မံတိုချဲ့ရန် မြေနေရာမရှိပါသဖြင့် တောင်သူများအနေဖြင့် လက်ရှိလုပ်ကိုင်နေရသော လယ်ယာများကို အထွက်နှုန်းတိုးစေရန် အားစိုက်ဆောင်ရွက်ရပါမည်။ သို့ဖြစ်၍ အထွက်ကောင်းသော စပါးမျိုးကောင်းမျိုးသန့် ရရှိရန် လိုအပ်ပါသည်။

စွန်လည်ချောင်းမှရေကို ကိုယ်ထူကိုယ်ထယာယီကန်ဖြင့် ရေလွှဲ၍ ရေသွင်းမြောင်းမှ လယ်ယာမြေအတွက် အသုံးပြုကြရသည်။အခုနောက်ပိုင်း ရေကြီးရေလျှံမှုများလာသောကြောင့် နှစ်စဉ်လယ်အတွက် အသုံးပြုသော ကန်၊မြောင်းများ ပျက်စီးမှုများကြောင့် နှစ်စဉ်ပြန်လည်တည်ဆောက်နေရ၍ အခက်အခဲကိုဖြေရှင်းရန် လိုအပ်သည်။ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့မှာလည်း လက်လှမ်းမှီမှုရှိသော်လည်း ဈေးကြီး လွန်းပါသဖြင့် တောင်သူလယ်သမားတိုင်းက ဝယ်ယူနိုင်ခြင်းမရှိပါ။

ကျေးရွာရှိဆင်းရဲသော အိမ်ထောင်စုများသည် ကြက်၊ဝက်မွေးမြူရန် မြေနေရာများရှိကြသော်လည်း ငွေကြေးအရင်းအနှီးမတတ်နိုင်သောကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် အခက်အခဲရှိနေပါသည်။

ပညာရေးပိုင်းတွင် ကျောင်းဆောင်များလုံလောက်မှု မရှိခြင်းကြောင့် အချို့သင်တန်းများတွင် ဆရာနှင့် ကျောင်းသားအချိုးမှာ (၅၀%)ထိ ရှိပြီး ထိရောက်စွာသင်ကြား ပေးနိုင်ရန် အခက်အခဲရှိပါသည်။ ဆရာ/မများအတွက် အဆောင်လုံလောက်မှုလည်း မရှိပါ။ ကျောင်းခြံစည်းရိုးများမှာလည်း လုံခြုံမှုမရှိပါ။

ကျေးရွာတွင် ရွာတွင်းမြောင်းကူး တံတားများနှင့် လယ်ယာကုန်ထုတ်လမ်း တံတားတို့သည် မကြာခဏ ပျက်စီးခြင်းကြောင့် အချိန်မှီသွားလာလှုပ်ရှား လုပ်ကိုင်ရန် အခက်အခဲဖြစ်စေသည်။

**ရည်မှန်းချက်ပန်းတိုင်**

၁။ ကျွန်ုပ်တို့ကျေးရွာရှိ လူထုသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စနစ်တကျကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနနှင့် ဆက်သွယ်ပြီး ပညာပေးသင်တန်းများ ပြုလုပ်ကာ ဝင်ငွေရှာဖွေနိုင်စွမ်း မြှင့်တင်ပြီး တိုးတက်စေရမည်။

၂။ ကျွန်ုပ်တို့ကျေးရွာလူထုသည် ပညာရေးကို အခြေခံပြီး စွမ်းဆောင်ရည်မြင့်မား သော မျိုးဆက်သစ်လူငယ်များ မွေးထုတ်နိုင်ရန်အတွက် ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး လူငယ်များ၏ ပညာရေးမြင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်စေမည်။

၃။ ကျွန်ုပ်တို့ကျေးရွာရှိလူထုသည် လူထုအခြေပြု ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ဖွဲ့စည်း ကာ ၎င်းတို့မှာတဆင့် နိုင်ငံတော်မှ ဖွဲ့စည်းသော ဌာနဆိုင်ရာအသီးသီးတို့နှင့် ချိတ်ဆက် ပူးပေါင်းကာ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများအား လိုအပ်သလိုအကောင် အထည်ဖော် ဆောင်ရွက်ပြီး ကျေးရွာ၏ လူနေမှု အဆင့်အတန်းတိုးတက်စေရမည်။

**ဆောင်ရွက်မည့်နည်းဗျူဟာ**

၁။ ကျေးရွာတွင် ငွေကြေးအရင်းအနှီးနှင့် နည်းပညာဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက် ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကို တိုးချဲ့ဆောင်ရွက်ရန်။

၂။ လူငယ်များ၏ ပညာရေးမြှင့်တင်နိုင်ရန်အတွက် ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ပူးပေါင်း ဆောင်ရွက်ရန်။

၃။ ကျေးရွာ၏ လမ်းတံတားများ ကောင်းမွန်စွာ ပြုပြင်ဆောက်လုပ်နိုင်ရန်၊ ကျေးလက် ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

.....စွန်လည်(သ).....ကျေးရွာ တမူးမြို့နယ်

| စဉ် | စီမံချက်များ | ရမှတ် | အဆင့် |
|---|---|---|---|
| ၁ | ကွင်းရေမြောင်းနှုံးတူးဖော်ခြင်း စီမံချက် | ၁၀၀ | ၁ |
| ၂ | လမ်းတံတားဆောက်လုပ်ရေး စီမံချက် | ၉၈ | ၂ |
| ၃ | ဆိုလာလျှပ်စစ်မီး ရရှိရေး စီမံချက် | ၆၁ | ၃ |
| ၄ | ကျေးရွာစာကြည့်တိုက်ရရှိရေး စီမံချက် | ၆၀ | ၄ |
| ၅ | ရွာတွင်းလမ်းကျောက်စရစ်ခင်းခြင်း စီမံချက် | ၅၈ | ၅ |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |
| ၁၃ | | | |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |

**(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် စီမံချက်၏ အချိန်ဇယား ကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သည်များကိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ် လည်ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံကိန်း | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကွင်းရေမြောင်းနှုံးတူးဖော်ခြင်း စီမံချက် | ၁ | √ | - | - | - | - |
| ၂။ လမ်းတံတားဆောက်လုပ်ရေး စီမံချက် | ၂ | - | √ | - | - | - |
| ၃။ ဆိုလာလျှပ်စစ်မီး ရရှိရေး စီမံချက် | ၃ | - | - | √ | - | - |
| ၄။ ကျေးရွာစာကြည့်တိုက်ရရှိရေး စီမံချက် | ၄ | - | - | - | √ | - |
| ၅။ ရွာတွင်းလမ်းကျောက်စရစ်ခင်းခြင်း စီမံချက် | ၅ | - | - | - | - | √ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၅ | ၈ | ၂၃ | ၁.၇ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၅၄ | ၄၃ | ၉၇ | ၇.၅၁ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၄ | ၅၈ | ၁၀၂ | ၇.၉ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၀ | ၇၇ | ၁၄၅ | ၁၁.၂၃ |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၂၇ | ၄၀၆ | ၈၃၁ | ၆၄.၃၆ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၆ | ၄၈ | ၉၄ | ၇.၂၈ |
| **စုစုပေါင်း လူဦးရေ** | | ၆၅၇ | ၆၄၀ | ၁၂၉၇ | |
| **စုစုပေါင်း အိမ်ထောင်စု – ၂၅၂** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၅.၁၄** | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်တာဝန်ခံများမှ စာရင်းကောက်ယူရ ရှိပါသည်။ အိမ်ထောင်စုပေါင်း (၂၅၂) စုရှိပြီး တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေမှာ (၅) ဦးရေ ခန့်ရှိကာ နိုင်ငံတော်၏ သတ်မှတ်ထားသော တစ်အိမ်ထောင်ပျမ်းမျှဦးရေထက်ပိုများကြောင်း တွေ့ရှိ ရပါသည်။**

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၀ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၃၆ | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ–လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၂၀ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | ၂၅၂ | | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။**

## (၁.၂.၂)လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား | နေ့စား | | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ရောင်းဝယ်ရေး | | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

**(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လုပ်အားခန္ဓနိ်းထားသည် အလုပ်အကိုင်နှင့် လုပ်ငန်းပေါ်မူတည်ပြီး အနည်းအများရှိပြီး ရာသီအလိုက် လုပ်အားခန္ဓနိ် အတက်အကျရှိသည်။**

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၈၉၁ | သင့် | မရ | |
| ယာမြေ /တောင်ယာ | ၅၇၉.၆၂ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | မရှိ | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၁၃ | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | မရှိ | | | |
| ရွှေပြောင်းတောင်ယာပြေ | မရှိ | | | |
| ကိုင်း/ကျွန်းမြေ | ၂၉ | | | |
| စားကျက်မြေ | မရှိ | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| ပလပ်မြေ | မရှိ | | | |
| အခြား | | | | |
| စုစုပေါင်း | ၁၅၁၂.၆၂ | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။

## (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | | |
| အခြား ရင်းမြစ်များ | | |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | | |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | လက်လှမ်းမမီ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ……..

……....

……

……...

……

……....

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | လယ်၊တိုက်၊ ကား | လယ်(၅)ဧက၊ (၅၂)ဧက | လယ်(၅)ဧက အောက် | မရှိ |
| အိမ်အခြေအနေ | တိုက် | ပျဉ်၊သွပ် | ကပ်ကာ၊ သက်ကယ်မိုး | ကပ်ကာ၊ သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ လက်တွန်း၊ ကား | လက်တွန်းစက်၊ကျွဲ၊ နွား၊ထော်လာကျီ | အငှားယူ | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊JCB၊ စလောင်း၊တီဗွီ | စက်ဘီး၊ဆိုင်ကယ်၊ တီဗွီ | စက်ဘီး | ဖုန်း |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ ရောင်းဝယ်ရေး | စိုက်ပျိုးရေး၊ မွေးမြူရေး | ကျောမ်း/လယ် | အဓိကလုပ်ငန်းမရှိ |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု - | ( %) | ( %) | ( %) | ( %) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၆၈)အိမ်၊ အလယ်အလတ်မှာ (၄၀၄)အိမ်၊ ဆင်းရဲသောအဆင့်မှာ (၇၆၉)အိမ်နှင့် အလွန်ဆင်းရဲ အဆင့်မှာ (၁၃၄) အိမ်အသီးသီး ဖြစ်ကြပါသည်။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စု များပြား ကြောင်း တွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဧယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၃ | | |
| ၃ လနှင့် ၆ လအောက် | ၁၅ | | |
| ၆လ မှ ၁၂ လ အထိ | ၁၂ | | |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၅ | ၇ | ၁၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၇ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁၀ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | တစ်နှစ်ကျော်/နှစ်နှစ်ကျော် | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | ဆန်စပါးပေါများခြင်း။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | စိုက်ပျိုးမြေတိုးချဲ့ရန်မြေလွတ်မရှိ။ |
| ၃ | ရေကြီးခြင်း | လတ် | တောင်ကျရေအလွန်များစွာစီးဆင်းလာခြင်း ။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးများ။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | ငလျင် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | မြေပြိုခြင်းမရှိ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | တရားမဝင်သစ်ထုတ်လုပ်မှုများပြားခြင်း။ |
| ၁၂ | ၄ကပျားရောဂါ | နိမ့် | NGO မှကျန်းမာရေးဟောပြောပွဲများပြုလုပ်။ |
| ၁၃ | တီဘီရောဂါ | နိမ့် | အခမဲ့ကုသခြင်းများရရှိခြင်း။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | အပျော်အပါးလိုက်စားသူနည်းပါး။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ | နိမ့် | တစ်ခါတစ်ရံသာဖြစ်ခြင်း။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|
| | ကျရောက်မှု | | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ပညာပေးဟောပြောပွဲများရှိ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | အာရုလမ်းမတွင်ကျေးရွာတည်ရှိခြင်း။ |
| ၁၉ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆန်စပါး ဝယ်ယူရရှိနိုင်ပြီး ကျန်းမာရေး အခန်းကဏ္ဍတွင် လည်း ကျန်းမာရေးပညာပေးဟောပြောပွဲများ ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးခြင်းစသောကြိုတင် ကာကွယ်ရေး လုပ်ငန်းများ ပြုလုပ်ခြင်းကြောင့် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်ကြ သည်ကို တွေ့ရှိနိုင်သည်။

ကျေးရွာတွင် မြေပြိုခြင်း၊ လူကုန်ကူးခြင်းနှင့် ပြည်တွင်း ပဋိပက္ခများမှာ မရှိပါ။ ဆက်သွယ်ရေးပိုင်းတွင်လည်း အင်တာနက် အသုံးပြုနိုင်ပြီး ကောင်းမွန်ပါသည်။

ကျေးရွာတွင် တရားမဝင် စီးပွားဖြစ်သစ်ထုတ်လုပ်မှုကြောင့် သစ်တောများ ပြုန်းတီးနေသည်ကို တွေ့ရပါသည်။

ကျေးရွာ၏ အဓိကစိုးရိမ်မှုမှာ နန်းပလောင်ချောင်းရေ တိုက်စားခြင်းဖြစ်ပါ သည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | တစ်ဖက်နိုင်ငံမှမူးယစ်ဆေးဝါးအလွယ်ရယူနိုင်။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | ဝင်ငွေရအလုပ်လုပ်နိုင်သူမရှိခြင်း။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ဝင်ငွေရလုပ်ငန်းပုံမှန်မရှိခြင်း။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | လတ် | ကျေးရွာအားနန်းပလောင်းချောင်းရေတိုက်စားခြင်း။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | လတ် | နှစ်စဉ်နန်းပလောင်းချောင်းရေလျှံခြင်းနှင့် တိုက်စားခြင်း။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော | လတ် | တမူး-ကလေးလမ်းမပေါ်တွင်တည်ရှိခြင်း။ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | နေရာ (Prone to accident) တွင် နေထိုင်သူများ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | နန်းပလောချောင်းရေလျှံမှုဖြစ်ခြင်း။ |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | မြေယာပိုင်ဆိုင်မှုမရှိခြင်းနှင့်ပုံမှန်လုပ်ငန်းမရှိခြင်း။ |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | မရှိ | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် | သူပုန်များဝင်ရောက်နိုင်ခြင်း။ |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | |
| ၁၅ | ဆေးစွဲသူများ | လတ် | တစ်ဖက်နိုင်ငံတွင်ဘိန်းခင်းရှိခြင်း။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူမျာ်း | နိမ့် | တိရစ္ဆာန်ဆရာဝန်ရှိခြင်း။ |
| ၁၇ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | မရှိ | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | ရွှေ့ပြောင်းလုပ်သားနည်းပါးခြင်း။ |
| ၂၀ | ကားသမား | နိမ့် | ရွာတွင်းသာမောင်းနှင်သူများခြင်း။ |
| ၂၁ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ (၁)ကျေးရွာတွင် လက်လုပ်လက်စားများနှင့် ကျဘမ်းများသည် ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်းကြောင့် မိသားစု စားဝတ်နေရေးအတွက် စိုးရိမ်မှုရှိသည်။

(၂) ကျေးရွာသည် နယ်စပ်ဒေသဖြစ်သည့်အတွက် ပြည်တွင်း/ပမ သူပုန်များ ဝင်ရောက်နိုင်သည်။

(၃) ကျေးရွာသည် နယ်စပ်ဒေသဖြစ်သည့်အတွက် နိုင်ငံခြားမှ မူးယစ်ဆေးဝါးများ လွယ်ကူစွာ ရရှိနိုင်သည်ဖြစ်၍ လူငယ်များအတွက် စိုးရိမ်မှုရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပက | ၃ | ၁၂ | - | ၁၂ | ဘာသာရေး၊ လူမှုရေး | ၄ | ၆ |
| ၂ | အမျိုးသား/သမီး | ၂ | ၈၀ | ၁၀၀ | ၁၈၀ | လူမှုရေး | ၄ | ၆ |
| ၃ | လူငယ် | ၂ | ၅ | ၇ | ၁၂ | လူမှုရေး | ၄ | ၆ |
| ၄ | ဝိသာခအဖွဲ့ | ၂ | - | ၂၃ | ၂၃ | ဘာသာရေး၊ လူမှုရေး | ၄ | ၇ |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အဖွဲ့အစည်းများသည် ပုံမှန်အစည်းအဝေး ကျင်းပရာတွင် တက်ရောက်မှုကောင်းပြီး မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိပြီး စွမ်းဆောင်မှု အခြေအနေ ကောင်းမွန်ကြသည်ကို တွေ့ရှိရပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တပိုင်တနိုင်လုပ်ဆောင် နေကြပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)**

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)**

(၆) **ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**လေ့လာတွေ့ရှိချက်။ ။** .....

.....

.....

.....

.....

.....

**(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၂.၂.၁) သီးနှံထုတ်လုပ်ရေး**

**(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၃၆ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂၉ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၂၉ | | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၄၇ | | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁၁ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၅၂ | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများမှာ အလွန်များပြားနေသည်ကို တွေ့ရှိနိုင်ပြီး ဆင်းရဲသော တောင်သူနှင့် တောင်သူကြီးများ အနည်းငယ်ရှိနေပါသည်။ အလယ် အလတ် တောင်သူမှာများပြီး တောင်သူများအတွက် ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်အတိုင်း ခြုံငုံ ကြည့်ပါက အခြေအနေကောင်းသည်ဟု ဆိုနိုင်သည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

**ဇယား** (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တန်စပတ်လုံး/ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ဝင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | ပုဂ္ဂလိက | ၇၂၂.၁၁ | ရာသီအလိုက် | ရှိ |
| ၈ | အခြား | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။

……

……

……

……

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၇၂၂.၁၁ | တင်း | ၅၀ | ၈၀ | ၇၀ | ဇွန် | ဒီဇင်ဘာ | လတ် | လတ် | |
| ပဲ | | တင်း | ၁၀ | ၂၀ | ၁၅ | | မတ် | လတ် | လတ် | |
| မုံညင်း | | တင်း | ၅ | ၁၅ | ၁၀ | | မတ် | လတ် | လတ် | |
| ကြက်သွန် | | တင်း | | | | | | လတ် | လတ် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

